# လွှန်းဆက်နိုးမြှတ်

## ပျော်ရွှင်ဖွယ်ကျိန်စာ

လုံးချင်းဝတ္ထုသစ်



# ပျော်ရွှင်ဖွယ်ကျိန်စာ

ချောင်းရေက တသွင်သွင်စီးဆင်းနေသည်။

ချောင်းရိုးဘေးတစ်လျှောက်မှာရှိနေသည့် လယ်ကွင်းပြင်တွေထဲ စပါးပင်များက အစိမ်းရောင်လင်းနေပြီး လေတိုက်လိုက်သည့်အခါတိုင်း တိမ်းတိမ်းညွတ်ညွတ်ယိမ်းရွေ့သွားကြ၏။

ကောင်းကင်ပြာမှာ ကြယ်စင်လင်းနေသည်။

ချောင်းရိုးနံဘေးတွင် အပင်တချို့ အလေ့ကျပေါက်ရောက်နေရာ အပင်ကြီးများလည်းပါဝင်သည်။ ထိုအပင်ကြီးမျိုးတစ်ပင်အောက်တွင် သူနှင့်လူကြီးတစ်ယောက်ထိုင်ကာ ချောင်းထဲသို့ ငါးမျှားတံကိုယ်စီ စိုက်ချပြီး ငါးထိုင်မျှားနေကြသည်။

လူကြီး၏အနီးမှာ ချထားသော အနက်ရောင်ပလတ်စတစ်ပုံးလေးတစ်ပုံးထဲတွင် ငါးခပ်သေးသေး ရှစ်ကောင်ရှိသည်။ ထိုငါးလေးများမှာ သည်နေ့ညနေ လူကြီးမျှား၍ရသောငါးလေးများ ဖြစ်ကြ၏။ လူကြီးက ချောင်းရေထဲကျနေသော ငါးမျှားတံမှ ဖော့တံ အဖြူကလေးထံ မျက်လုံးအကြည့်ကို အာရုံအပြည့် စိုက်ထားသည်။ လူကြီး၏အသက်က ခြောက်ဆယ်ကျော်လောက်ရှိပြီဟု ခန့်မှန်းရသည်။ အသားလတ်လတ် ပိန်ပိန်ပါးပါးပဲဖြစ်၏။ မထူးခြားသော အဝတ်အစားခပ်နွမ်းနွမ်းကို ဝတ်ထားတာတွေ့ရသည်။

သူက သည်နေရာကို လူကြီးနောက်မှရောက်လာကာ ငါးလည်းတစ်ကောင်မှ မမိသေး။ သို့ရာတွင် လူကြီးကတော့ သူရောက်လာပြီးမှပင် ငါးသုံးကောင်မိပြီးပြီ။

ဦးကြီးက ငါးမျှားတာကြာပြီထင်တယ်။

လူကြီးကို သူမေးလိုက်တော့ လူကြီး၏ ဖော့တံအဖြူရောင်ပေါ်မှအကြည့်က သူ့ထံရောက်လာသည်။

“အင်း ဒီနေ့တော့ ဒီနေရာကို မောင်ရင့်အရင် တစ်နာရီလောက်စောရောက်နေတာပဲ”

ပြောပြီး ချက်ချင်းပင် အကြည့်က စောစောက ရေထဲမှာရှိနေသည့် ဖော့တံလေးဆီ ပြန်ရောက်သွားသည်။ သူနှင့် ထိုလူကြီးကြားမှာလည်း ဟိုအရင်လို တိတ်ဆိတ်မှုကသာ ပြန်လည်လွှမ်းမိုးလာပြန်သည်။ ခဏကြာတော့..

“ဟိုလေ ကျွန်တော်ပြောတာက ဦးကြီးငါးမျှားတာ နှစ်ချီပြီး ကြာပြီထင်တယ်လို့ ပြောတာပါ။”

သည်တစ်ခါတော့ သူ့စကားအဆုံးမှာ လူကြီးက ပြုံးသည်။ ဒါပေမဲ့ အကြည့်က ဖော့တံလေးပေါ်မှာပဲရှိ၏။ မပြောင်းလွှဲ။ ထိုဖော့တံအဖြူရောင်ကလေးကိုကြည့်ရင်းပဲ အဖြေပေးသည်။

ဘယ်လိုပြောရမလဲ ငါက ဒီနားက ရွာလေးမှာပဲမွေးတာကွ။ ငါငယ်ငယ်လေးကတည်းက ငါးမျှားတက်ခဲ့တာဆိုတော့ တော်တော်ကိုကြာပြီပေါ့ကွာ။

သူနှင့်လူကြီးကြားတွင် တိတ်ဆိတ်မှုက ရစ်သိုင်းလာပြန်သည်။ ထိုတိတ်ဆိတ်မှုကို စောစောကအတိုင်း သူကပဲ ဖြိုဖျက်လိုက်မိပြန်၏။

ကျွန်တော်က ငါးမျှားတာ မကြာသေးဘူး ခင်ဗျ... အမှန်အတိုင်းပြောရရင် ကျွန်တော် ငါးတစ်ကောင်မှ မရဖူးသေးဘူး။ ရှက်စရာတော့ အကောင်းသားပဲ။

သူကပြောရင်း လူကြီးကို ကြည့်လိုက်၏။ လူကြီးပုံစံက ထူးခြားမှုမရှိ။ ချောင်းရေထဲမှာ ဖော့တံကိုပဲ စိုက်ကြည့်နေသည်။ သို့သော် သူပြောသည့်စကားများကိုတော့ အာရုံစိုက်နေသည်ဟု ထင်ရသဖြင့် သူကဆက်ပြောလိုက်၏။

စစ်စစ်ပေါက်ပေါက် တွေးမယ်ဆို ကျွန်တော် ငါးတစ်ကောင်တော့ရဖူးခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် အဲဒီငါးကို မပိုင်ခဲ့ဘူး။ ငါးလေးက လေထဲမှာပါလာပြီး တစ်လံလောက်အမြင့်မှာပဲ ရေထဲပြန်လွတ်သွားခဲ့တယ်။

"ဟား ဟား ဟား အဲဒါများ မောင်ရင်ရာ၊ ငါးရဖူးတယ်.. ပြောစရာလား။"

သည်တစ်ခါတော့ လူကြီးက သူ့ကိုလှည့်ကြည့်ကာ ပြောသည်။ ပြီးတော့ တဟားဟားနှင့် သဘောကျစွာရယ်နေသည်။ လူကြီး သည်လောက်ရယ်မောနေတာကိုမြင်တော့ ပထမဆုံးအကြိမ်အဖြစ် လူကြီးအပေါ် သူ စိတ်နည်းနည်းတိုချင်မိသွား၏။

"အင်း.. ဦးကြီးကတော့ ရယ်မှာပေါ့...ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အဲဒီငါးတစ်ကောင်ကို မပိုင်ပေမယ့် မိခဲ့တယ်လို့ သတ်မှတ်တယ်။"

"ထားပါတော့ မောင်ရင်လေးရယ် ဒါပေမဲ့ကွယ် ငါးမျှားတယ်ဆိုတာက အစပိုင်းတော့ ဒီလိုပဲပေါ့ကွာ။ နောက်တော့လည်း ကျွမ်းကျင်သွားမှာပါ။ ဒါက

ကံတရားနဲ့လည်းဆိုင်သေးတယ်ကွ။ ဟော... ပြောရင်းဆိုရင်း မောင်ရင့်ငါးမျှားတံမှာ ငါးတစ်ကောင်လာဟပ်နေပြီဟေ့။ ဒီတစ်ခါ မလွတ်စေနဲ့ မောင်ရင်ရေ့"

ချောင်းရေထဲမှ သူငါးမျှားဖော့တံကလေးကို ချက်ချင်းအကြည့်ရောက်သွားသည်။ ဖော့တံကလေးက လှုပ်တုပ်လှုပ်တုပ်နှင့်။ အိုး....ငါးတစ်ကောင် ငါမိတော့မှာပဲ။ သူ ရုတ်တရက် ပျော်ရွှင်လာသည်။ ထိုအခိုက်အတန့်လေးမှာပင် လွတ်လပ်ဖူးသည့် ငါးကလေးအား ဘာကြောင့်မှန်းမသိ သူသတိရမိလိုက်၏။

*

သော်က

သိပ်ထူးထူးဆန်းဆန်းကြီး မဟုတ်ပါဘူး
အချစ်နဲ့ဆုံပြီး နောက်တစ်နေ့မှာ
ငါ့အိပ်ရာဘေးနား
သီချင်းစာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ်သာ ကုန်သွားတယ်
သီကျူးဟစ်ဆိုစိတ်က ခမ်းခြောက်မသွားဘူး။
(အချစ်နဲ့ဆုံပြီး နောက်တစ်နေ့မှ ..) (၂၀၀၄ ခုနှစ်)

## အခန်း(၁)

လွမ်းမောတပ်မက်ချင်စရာကောင်းသည့် ကျောင်းတော်ကြီးတစ်ခု တစ်ခါကရှိခဲ့ဖူး၏။ ကံ့ကော်ရနံ့တွေလည်း အရပ်လေးမျက်နှာမှာ သင်းတရှရှ ဆွတ်ပျံ့လွင်မျောနေသည်။ ကျောင်းတော်သူ၊ ကျောင်းတော်သားတို့၏ ရင်ခုန်သံနှင့် ယက်ဖွဲ့ထားသော အိပ်မက်များကဖြူစင်သည်။ မျှော်လင့်ချက်တွေကို ကျောပိုးအိတ်လေးထဲထည့်ကာ ခေတ်ပေါ်တေးတစ်ပုဒ်ကို တီးတိုးဆိုရင်း လူငယ်တစ်ယောက်၏ဘဝသည် ရွှေရောင်တောက်ပခဲ့ဖူးပါသည်။

*

သည်နေ့ နေ့လယ်ထမင်းစားချိန် ပြန်တက်တက်ချင်း Class မရှိသဖြင့် ကျောင်း Canteen တွင် အေးအေးဆေးဆေးပင် သူထိုင်နေမိသည်။ သူတစ်ယောက်တည်းပဲဖြစ်သည်။ သည်နေ့ကျမှပဲ ပြည့်စုံနှင့် အောင်နေဦးက ကျောင်းမတက်။ ဟိုကောင် ကျော်ဇေယျတစ်ယောက်ကတော့ သာကေတက သူငယ်ချင်းများနှင့် MP မေဂျာဘက်သို့ ကိစ္စတစ်ခုကြောင့်လိုက်သွား၏။ ကြာနိုင်သည်။

“ဝါး”

သူ အသံကျယ်ကျယ်ဖြင့် တစ်ချက်သမ်းဝေပစ်လိုက်သည်။ နေ့လယ်ခင်းထမင်းစားချိန်ဖြစ်သော်လည်း ပြန်တက်ချိန်နီးနေသဖြင့် Canteenထဲမှာ လူများများစားစား ရှိမနေတော့။

သူက ထိုင်နေရတာကို ပျင်းရိနေမိသည်။ စောစောက ထမင်းစားတာ နည်းနည်းများသွားသည်။ ထို့ကြောင့် သူအိပ်ချင်သလိုတောင်ဖြစ်လာ၏။ အင်း ဘာများ စိတ်ဝင်စားစရာကောင်းတာရှိမလဲ။ အတွေးနှင့်အတူ သူ့ဘေးဝဲယာကို ခေါင်းလေးလည်ပြီး လှည့်ပတ်ရှာဖွေမိ၏။ ထူးထူးခြားခြား စိတ်ဝင်စားစရာ ဘာတစ်ခုမှမတွေ့ရ။

သူ ပျင်းရိနေသည့်အထဲ စိတ်နည်းနည်းညစ်တာလည်း ထပ်တိုးလာသည်။ ကျွတ်… ဘာတစ်ခုမှလည်း စိတ်ဝင်စားစရာမရှိပါလား။ ဟုတ်သားပဲ…။ ငါကရော ဘယ်လိုစိတ်ဝင်စားမှုမျိုးကို မျှော်လင့်ထားမိလို့လဲ။ ဟင်အင်း မဟုတ်သေးပါဘူး။ ငါမျှော်လင့်တာက မမျှော်လင့်ဘဲနဲ့ ထူးခြားစွာ

ဖြစ်ပျက်မှုတစ်ခုကိုပါ။ သူ့အတွေးတွေက တောင်စဉ်ရေမရ လှုပ်ခတ်နေသည်။ မတက်နိုင်။ ဆက်လွှတ်ထားလိုက်သည်။ ဒါကမှ လောလောဆယ် ပျင်းရိစိတ်ကို ဖြေသိမ့်ပေးနိုင်မည်ထင်သည်လေ။ သူ ဆက်တွေးနေမိ၏။

ငါ့မှာ အခုနေ တောင်ပံတစ်စုံပေါက်လာရင် ဘယ်လိုလုပ်မလဲ။ အွန်း… ဆံပင်တွေကတော့ ဖြတ်ရောင်းစားလို့ရတယ်။ ဒါပေမဲ့ တောင်ပံဝယ်တယ်လို့တော့ မကြားဖူးဘူး။ သူ့ကျောကို သူပြန်စမ်းမိသည်။ ဘာမှမရှိ။ ကျောပြင်သာရှိနေသည်။ တကယ်လို့ တောင်ပံမပေါက်ဘဲ အမြီးပေါက်လာရင်ရော ဗုဒ္ဓေါ။ သူ့လက်က အမှတ်တမဲ့ နောက်ဘက်ကိုရောက်သွား၏။ ချက်ချင်းပင် တစ်ယောက်ယောက် မြင်သွားလေမလားဆိုသော အတွေးက ဝင်လာသောကြောင့် သူ့လက်ကို အလျင်အမြန်ရှေ့ဘက်သို့ ပို့လိုက်ရသည်။ ငါက မျောက်မှမဟုတ်တာ။ အမြီးဘယ်ပေါက်ပါ့မလဲ။ တွေးရင်း လက်ကနောက်ကို စမ်းချင်သလိုလို ဖြစ်လာပြန်သည်။ မဟုတ်ဘူး..မဟုတ်ဘူး။ မတွေးနဲ့။ တော်တော့.. ငါ ဒါကို ထပ်မတွေးနဲ့တော့။ ထိုနေရာမှာပင် သူ့အတွေးကို သူချက်ချင်း ပြန်သတ်ပစ်လိုက်သည်။ သေစမ်း အဲဒီအတွေးတွေ…။

ပျင်းရိငြီးငွေ့ဖွယ် နေ့လယ်ခင်းထဲတွင် ငြီးငွေ့ပျင်းရိစွာ သူထိုင်နေမိသည်။ သူမျှော်လင့်သည်က မမျှော်လင့်ဘဲ ရုတ်တရက် ပေါ်ပေါက်လာမည့် ကိစ္စများဖြစ်သော်လည်း အခု သူကြုံနေရသည်က သမားရိုးကျဆန်လွန်းသည့် ပျင်းရိငြီးငွေ့ဖွယ် နေ့လယ်ခင်းထဲတွင် သူ ပေါလောမျောပါနေခဲ့၏။

*

"ဟော့ကောင်... သော်က.. ဘယ်လိုလဲ .. စောင့်ရတာ ကြာသွားပြီလား.."

ကျော်ဇေယျက သူ့ဘေးမှာ ဝင်ထိုင်ကာပြောသည်။

"ကြာတာ မကြာတာထက် ပျင်းစရာကောင်းတာက ဆိုးတာပါကွာ"

ပြောပြီး အကြောတစ်ချက် သူဆန့်လိုက်၏။

"ဂျလွတ်.. ဂျွတ်"

"ဟာ... သော်က ဖြည်းဖြည်း... ဖြည်းဖြည်း... မင်းရဲ့ပျင်းရိစရာတွေ ငါ့ကိုလာမှန်ပါဦးမယ်..."

ကျော်ဇေယျ အထိတ်တလန့်အမူအရာကို တမင်တကာလုပ်ပြီးပြောသည်။ မှန်ပလေ့စေကွာဟု.. သူပြောတော့ ကျော်ဇေယျက ရယ်နေ၏။

"နေစမ်းပါဦး ကျော်ဇေယျ နောက်တစ်နာရီကျော်လောက်ထိ ငါတို့ဒီအတိုင်းထိုင်နေရင် ပျင်းတာနဲ့ပဲ သေလိမ့်မယ်ထင်တယ် ...တစ်ခုခုကြံစမ်းပါဦး... ငါတို့ အချိန်ဘယ်လိုဖြုန်းရင်ကောင်းမလဲ"

"ငါတို့ တူတူပုန်းတမ်းကစားမလား.."

ကျော်ဇေယျ တော်တော်ကို စဉ်းစားလိုက်ပုံရ၏။ ကျော်ဇေယျလောက်တော့ သူလည်း စဉ်းစားတက်ပါသေးသည်။

"ဟင်အင်း အဲဒါမကောင်းဘူးကွ။ ငါတို့ ကျောက်ရုပ်ကျောက်ဖျက်တမ်း ကစားကြမယ်။"

"လုပ်မနေနဲ့ကွာ ထုပ်ဆီးတိုးတမ်းပဲ ကောင်းပါတယ်"

ကျော်ဇေယျ စကားဆုံးတော့ သူဖျက်ခနဲ အကြံတစ်ခုရသွားသည်။ ထိုအကြံကြောင့် ပျင်းရိနေသည့် သူ့စိတ်တွေ တောင်ပံပေါက်ပြီး ပျံတက်ကာ လွတ်လပ်သွားသလိုလည်း ခံစားလာရ၏။ ကျော်ဇေယျကတော့ ရုတ်တရက်ကြီးငြိမ်ကျသွားသော သူ့ကို နားမလည်ဟန်ဖြင့် စိုက်ကြည့်နေသည်။

"ဒီမှာ ကျော်ဇေယျ.. ငါ အကြံတစ်ခုရပြီ ..သေသေချာချာနားထောင်..."

ကျော်ဇေယျက စိတ်ပါဝင်စားစွာ ခေါင်းညိတ်ပြ၏။

"ငါတို့ ကျောက်ရုပ်ကျောက်ဖျက်တမ်း ကစားကြမယ်"

"ဟာကွာ... အကောင်းမှတ်လို့ သော်ကရာ"

စိတ်ပျက်လက်ပျက်နှင့် ကျော်ဇေယျပြောသည်။ စကားကိုဖြင့် ဆုံးအောင်နားမထောင်။

"မဟုတ်ဘူး... ငါ့စကားမဆုံးသေးဘူးကွ။ မင်း သေသေချာချာ နားထောင်စမ်းပါဦး... ဒီလိုကွာ"

ကျော်ဇေယျကို သူ့အကြံအစည်တွေ ဖွင့်ပြောလိုက်၏။ မျက်လုံးကလေးမှေးပြီး သူပြောသမျှ ခေါင်းတညိတ်ညိတ် နားထောင်သည်။ နောက်တော့ မျက်လုံးတွေပြူးလာပြီး လည်တခါခါနှင့် ငြင်းဆန်တော့၏။

"အာ... ဒါတော့ မဖြစ်ဘူးထင်တယ်... သော်က"

"ဘာလဲ... မင်းအဒေါ် ယောက်ျားမရသေးလို့လား"

"မဟုတ်ပါဘူးကွာ... ငါ.. ငါက ရှက်တက်လို့ပါ"

ကျော်ဇေယျ အကြောက်အကန် ငြင်းဆန်နေသည်။ လူပုံကြီးက ဒိုင်နိုဆော ၁၀ ကောင် စားမလောက်ဖြစ်နေပြီ သည်ကိစ္စလောက်ကို ရှက်တက်သလားဟု သူ မဝံ့မရဲဖြစ်မိ၏။

“မရှက်ပါနဲ့.. ကျော်ဇေယျရာ.. မင်းကလည်း ငါလည်း အတူပါမှာပဲကို”

“မင်းက ဒါမျိုးကို ရှက်တက်တဲ့ကောင်မှ မဟုတ်တာကွ.. ငါကတော့ ..ငါကတော့... ဟာကွာ မနက်ဖြန်ကျမှပဲ မင်း ဟိုကောင်တွေနဲ့လုပ် ဟိုကောင်တွေ မနက်ဖြန်ကျောင်းလာလိမ့်မယ်”

ကျော်ဇေယျပြောသည့် ဟိုကောင်တွေဆိုသည်မှာ ပြည်စုံနှင့် အောင်နေဦးဖြစ်သည်။ အဲဒီနှစ်ကောင်ကရော လုပ်ရဲကိုင်ရဲရှိပ့ါမလား။ ဒါပေမဲ့ ဒါက သိပ်ခက်တဲ့အလုပ်မှ မဟုတ်တာ။ ကျောက်ရုပ် ကျောက်ဖျက်တမ်း ကစားတာပဲဟာ။

“ငါ တောင်းပန်ပါတယ်.. ကျော်ဇေယျရာ... အခုပဲ ကစားလိုက်ရအောင်ပါ”

“မလုပ်ပါနဲ့.. သော်ကရာ.. မနက်ဖြန်ကျမှပဲ ကစားစမ်းပါ.. မနက်ဖြန် ဟိုကောင်တွေလည်းရှိနေတော့ ငါတို့က အဖွဲ့ပိုကောင်းတာပေါ့။ စဉ်းစားကြည့် ဒါမျိုးက အဖွဲ့တောင့်မှ ပိုကောင်းတာကွ”

“ကျော်ဇေယျက ငြင်းဆန်နေတုန်းပင်။ သူစဉ်းစားကြည့်တော့ လူပိုများလျှင် အလုပ်ပိုဖြစ်နိုင်ကြောင်း တွေးမိလိုက်သည်။ နောက်ဆုံး ကျော်ဇေယျပြောသလို မနက်ဖြန်မှပဲ ကစားရန် သူ ဆုံးဖြတ်ချက်ချလိုက်၏။”

“ကောင်းပြီ ဒါဆို မနက်ဖြန်မှပဲ ငါတို့ကစားကြတာပေါ့”

သူ့စကားအဆုံးမှာ ကျော်ဇေယျပုံစံက တော်တော့်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပုံပေါ်လာ၏။

“အေးပါကွာ ..အဲဒီလိုလုပ်စမ်းပါ သော်ကရယ်”

“နေဦး.. ကျော်ဇေယျ၊ မနက်ဖြန်အတွက် အခုပိုနေတဲ့အချိန်မှာ မင်းနဲ့ငါ ကြိုတင်ပြီးတော့ အစီအစဉ်ဆွဲကြရအောင်”

ထိုသို့ဖြင့် နေ့လယ်ခင်း၏ ပျင်းရိမှုကို သူတို့နှစ်ယောက်က မနက်ဖြန်ကစားမည့်ပွဲစဉ်ကို ရေးဆွဲခြင်းဖြင့် တိုက်စားဝါးမျိုပစ်လိုက်ကြပါတော့၏။

*

**ငါ့အိမ်ခေါင်မိုးလေးပေါ်**

**သစ်ရွက်တွေ မကြွေပါဘဲနဲ့**

**အချစ်နဲ့ဆုံပြီး နောက်တစ်နေ့မှာ**

**ရွက်ကြွေတောထဲ**

**ငါ နားခိုနေထိုင်ရသလို အလွမ်းအဆွေးပန်းချီကား**

**(အချစ်နဲ့ဆုံပြီး နောက်တစ်နေ့မှာ...) (၂၀၀၄ ခုနှစ်)**

## အခန်း(၂)

နေညိုချိန်တိမ်တောက်တောက်မှာ သူပြန်လာခဲ့သည်။ သူနှင့်အတူ

ငါး ခြောက်ကောင်ပါလာသည်။ ငါးမျှားတံတစ်ချောင်းပါလာသည်။ လေးတိလေးကန်ဖြစ်နေသော အေးစက်စက် အနာဂတ်တစ်ခုပါလာသည်။ ပုပ်သိုးဆွေးမြည့်နေပြီဟု ထင်စရာရှိသော ဟိုးရှေးရှေးတုန်းကလို အစချီရမည့် ပုံပြင်ဟောင်းတွေ ပါလာသည်။ ပစ်စလတ်ခတ် ပြောဆိုဆူဆဲတတ်သည့် ကံတရားတွေပါလာသည်။ အရေးကြုံလျှင် ကျိုးကြေပျက်စီးလွယ်သော နှလုံးသားတစ်ခုပါလာသည်။ ဘာတွေဘယ်လောက်ပဲပါပါ သူကတော့ နေညိုချိန်တိမ်တောက်တောက်မှာ ငါးမျှားတံတစ်ချောင်းထမ်းကာ ငါးကလေးခြောက်ကောင်ကို မြက်ပင်ရှည်တစ်ခုမှာ ဆွဲသီပြီး အတိအကျပြန်လာခဲ့ပါသည်။

“ဟာ.. တို့ဆရာ.. ကျားသားမိုးကြိုး ဒီနေ့ ငါးတွေဘာတွေ မိလို့ပါလား”

တံခါးဖွင့်ဖွင့်ချင်း တပည့်ကလေးလှမိုးက သူ့ကိုဆီးကြိုကာ ပြော၏။

“အေးကွာ.. ဒီနေ့တော့ မိခဲ့ပြီ.. ရော့.. ဒါတွေ မင်းရှင်းလိုက်တော့”

သူက ငါးမျှားတံနှင့် ငါးတွဲကို လှမိုးကို ထိုးပေးလိုက်သည်။

“ဆရာ ..ဆရာသူငယ်ချင်းဦးအောင်နေဦး ရောက်နေတယ် ဆရာ”

“ဩော် ..ဒီကောင်ရောက်နေသလား ..အေးအေး”

ညှော့ခန်းကိုဖြတ်ပြီး ထမင်းစားခန်းထဲရောက်တော့ ထမင်းစား စားပွဲမှာထိုင်ကာ ဘီယာသောက်နေသော သူငယ်ချင်းအောင်နေဦးကို သူတွေ့လိုက်ရ၏။

“ဘယ်လိုလဲ.. ဟော့ကောင်ကြီး.. ထုံးစံအတိုင်း ငါးတစ်ကောင်မှ မရခဲ့ဘူး မဟုတ်လား”

အောင်နေဦးက ပုလင်းထဲမှဘီယာကို ခွက်ထဲထပ်ငှဲ့ကာ မခိုးမခန့်ပြောလိုက်သည်။ သည့်ကောင့်အကျင့်က သည်အတိုင်းပဲဖြစ်၏။ ဘယ်ကိစ္စမဆို ရှေ့မကြည့် နောက်မကြည့် ပြောဆိုတက်သည်။ ခုလည်းပြောပြန်ပြီ။ ပြောရုံတင်မကသေးဘူး ရေခဲသေတ္တာထဲမှ ဘီယာတစ်ပုလင်းတောင် ဖောက်သောက်ပြီးနေပြီ။ ဒါပေမဲ့ အောင်နေဦးဆိုတာကလည်း အခြားသူမဟုတ်။ သူနှင့်ကျောင်းကတည်းက ပြောမနာ ဆိုမနာ ဘော်ဒါတွေ။

"အသက်လေးဆယ်နားနီးမှ မိတ့်ငါးတွေ မင်းကိုကြော်ကျွေးဦးမယ်.. မင်း ခု ဘီယာသောက်တာ တခြားဘာနဲ့မှ မမြည်းရဘူး"

ပြောပြောဆိုဆို သူကအောင်နေဦးရှေ့က မြေပဲလှော်အမြည်းပန်းကန်ကို ဆွဲယူလိုက်၏။ ထိုအချိန်မှာပဲ သူ့က တပည့်ကလေးလှမိုးက ငါးတွဲကိုကိုင်ကာ မီးဖိုခန်းထဲသွားဖို့ ရောက်လာသည်။

"အာ... သော်... သော်က... ဒီငါးတွေက မင်းမိခဲ့တာတွေလား"

အောင်နေဦးပုံစံက အတော်ကလေးကို အံ့အားသင့်သွားသည်ပုံမျိုးဖြစ်သည်။ ဒါ ဟန်ဆောင်တာမဟုတ်။ တကယ့်ကို အံ့ဩသွားတာဖြစ်မည်။ ငါ့ကို ဒီတစ်သက် ငါးမရတော့ဘဲ သေမဲ့ကောင်ဟု ထင်ထားသလားမသိဘူးဟု ဟုတွေးမိလိုက်သည်။

"ဟုတ်တယ်.. အောင်နေဦး မင်းသေသေချာချာကြည့်ထား.. ခြောက်ကောင်တောင်နော်... ခြောက်ကောင်တောင်"

"ကျွန်တော့်ဆရာက ဖြစ်အောင်လုပ်ပြလိုက်ပြီလေ၊ ဟဲ...ဟဲ"

ကြက်သေသေနေသည့် အောင်နေဦးကိုကြည့်ပြီး လှမိုးက

ငါးတွဲလေး လှုပ်ပြလိုက်၏။

“ကဲ..လှမိုး.. အဲဒီငါးတွေကို ကျွတ်နေအောင်ကြော်ကွာ။ ငါရေချိုးပြီးရင် အောင်နေဦးနဲ့အတူတူ ဘီယာနဲ့မြည်းရအောင်လို့ ”

“ဟုတ်ကဲ့ ဆရာ”

လှမိုးက မီးဖိုခန်းထဲ ငါးတွဲကိုဆွဲရင်း ဝင်သွားသည်။ အောင်နေဦးက ဘီယာတောင်မသောက်နိုင်ဘဲ သူ့ကိုကြည့်ကာ သူ့ဘာသာသူ ခေါင်းတညိတ်ညိတ်လုပ်နေလေ၏။

*

**လက်ရှိဘဝတင်မက အရင့်အရင်ဘဝတွေတုန်းကတိုင် တင်ကျန်နေခဲ့သော ညစ်ပေနောက်ကျိမှုများပါ အကုန်အစင် ပြောင်တလင်းခါသွားသည်ဟု ထင်ချင်စရာကောင်းလောက်အောင် သူ ရေကိုတဝကြီး ချိုးပစ်လိုက်သည်။**

ရေချိုးပြီးသောအခါ အိမ်နေရင်း ပေါ့ပေါ့ပါးပါး ဝတ်စုံတစ်စုံလဲလှယ်လိုက်၏။ နောက်တော့ ထမင်းစားခန်းထဲရှိ အောင်နေဦးထံသို့ ခပ်သွက်သွက်ထွက်လာခဲ့သည်။

“သော်ကရေ... မင်းအသက်လေးဆယ်နားနီးမှ မိတဲ့ငါးမို့လို့လား မသိဘူး၊ တော်တော်ချိုတယ်ကွ”

သူ့ကိုမြင်တော့ အောင်နေဦးက ဆီးပြော၏။ စားပွဲပေါ်မှာ ငါးကြော်ပန်းကန်က အဆင်သင့်ရောက်နေပြီ။ သူက ရေခဲသေတ္တာထဲမှ ဘီယာနှစ်ပုလင်းဆွဲယူကာ ဖောက်ဖွင့်ပစ်လိုက်၏။ ပြီးတော့မှ တစ်ပုလင်းကို အောင်နေဦးထံ ထိုးပေးလိုက်သည်။

“ဒါနဲ့ မင်းစုံစမ်းခိုင်းထားတဲ့ကိစ္စက အဆင်မပြေသေးဘူးကွ”

ခွက်ထဲ ဘီယာငှဲ့နေစဉ် အောင်နေဦးက ပြောသည်။

“ပြောပါဦး.. ဘယ်လိုအဆင်မပြေတာတုန်း”

“ပိုင်ရှင်ပျောက်နေတယ်ကွ။ ပိုင်ရှင်က မကွေးမှာလိုလို။ တောင်ငူမှာလိုလိုဖြစ်နေတယ်.. အတိအကျမသိသေးဘူး”

ငါးကြော်တစ်ကောင်ယူပြီး သူကောက်ဝါးလိုက်သည်။ အောင်နေဦးပြောသည့်အတိုင်း ချိုသည်။

“အဆင်ပြေလာနိုင်ဖို့တော့ ရှိတယ်မဟုတ်လား”

“ရှိတော့ရှိတယ်.. သော်ကရေ.. ဒါပေမဲ့ နည်းနည်းကြာမယ်”

“ရပါတယ်”

သူပြောပြီး ဘီယာခွက်ကို ကောက်မော့လိုက်သည်။ ဘီယာရည်တွေက လည်ချောင်းထဲကနေ သူ့ဗိုက်ထဲ ရှတခါးမြစွာ စီးဆင်းသွားကြ၏။

“သော်က.. မင်း အဲဒီနေရာကို တကယ်ဝယ်မလို့လား”

ပုလင်းသစ်ထဲမှ ဘီယာကိုငှဲ့ရင်း တကယ်ဝယ်မလို့လား

ပုလင်းသစ်ထဲမှ ဘီယာကိုငှဲ့ရင်း အောင်နေဦး မေးသည်။ သူက စောစောက ဝါးလက်စ ငါးကြော်ကိုင်ကာ..

“ဟ.. တကယ်ဝယ်မလို့ မင်းကို အကူအညီတောင်းတာပေါ့ကွ။ ပြီးတော့ ဒီကိစ္စမျိုးတွေ မင်းလိုမှ မကျွမ်းတာ”

အမှန်တော့ “ဒီကိစ္စမျိုးတွေ” ဟူသော စကားမှာ ဒီလိုစီးပွားရေးကိစ္စ၊ အရောင်းအဝယ်ကိစ္စမျိုးတွေဟု အဓိပ္ပါယ်ရကြောင်း

အောင်နေဦးသိပြီးဖြစ်ပါသည်။ လောလောဆယ်တွင် အောင်နေဦးမှာ အကျိုးဆောင်ကုမ္ပဏီတစ်ခုထောင်ထားပြီး သူ့ထက်စာလျှင် စီးပွားရေးကို နားလည်သူဖြစ်၏။

"မဟုတ်သေးဘူးလေကွာ... အဲ့ဒီနေရာမှာ ဘာစီးပွားရေးမှ လုပ်လို့မကောင်းဘူးကွ မင်းက ငါ့ကုမ္ပဏီမှာလည်း ရှယ်ယာပါ၊ နောက်တခြားကုမ္ပဏီတွေမှာလည်း ရှယ်ယာပါနဲ့ တစ်ချိန်လုံး မပူမပင် နေလာပြီးမှ ခု ဘာအရူးထလုပ်တာလဲ"

သူက အောင်နေဦးကို ခပ်ငေးငေးတစ်ချက်ကြည့်မိ၏။ ပြီးမှ..

"မင်းက ငါ အဲဒီနေရာဝယ်မယ်ဆိုတာနဲ့ စီးပွားရေးလုပ်ဖို့လို့ ထင်နေတာလား"

"အဲဒီလိုလည်း မဟုတ်ပါဘူးကွာ.. မင်းမှာ ငါတို့လို သားမယားမှမရှိတာ.. ပြီးတော့ ..မင်းမှာ လောဘလည်းမရှိဘူးဆိုတာ ငါသိတာပေါ့... ဒါပေမဲ့ တခြားဟာ စဉ်းစားမရလို့ပါ"

လက်ထဲက ငါးကြော်ကို ကုန်စင်အောင် သူဝါးပစ်လိုက်သည်။ ပြီး ဘီယာတစ်ကျိုက်ထပ်မော့သည်။

"အဲဒီနေရာကို ဝယ်မဲ့ရည်ရွယ်ချက် မင်းသိချင်လို့လား"

"သိချင်လို့လားလို့ မမေးစမ်းပါနဲ့ သောကရာ.. မင်းမှာ ဒီသူငယ်ချင်းတွေကို မပြောရင် ဘယ်ကောင့်ကို သွားပြောရမှာလဲ"

အောင်နေဦးက မျက်လုံးကြီးပြူးပြီး ဒေါနှင့်မောနှင့်ပြောသည်။ သည်ကောင်က စကားပြောတာ စိတ်ပါလာလျှင် သည်လိုပဲ မျက်လုံးကြီးပြူးလာတတ်၏။

"အေးပါ.. ငါက မှုကြည့်တာပါကွာ မင်းကိုလည်း ပြောပြမှာပါ"

သူ ခန္ဓာကိုယ်ကို နည်းနည်းမတ်လိုက်သည်။ နောက် ဘီယာတစ်ကျိုက် ထပ်မော့သည်။ ငါးကြော်ဝါးသည်။ လက်မှာပေသော ငါးကြော်မှုဆီကို အသင့်ရှိသော လက်သုတ်ပဝါနှင့် သုတ်သည်။ အကြောင်းမရှိဘဲ မေးကိုပွတ်သည်။

"ဟော့ကောင် ပြောပါဆိုကွာ"

သူထင်သည့်အတိုင်း စိတ်မရှည်သော အောင်နေဦး၏အသံကိုကြားမှပဲ ပြုံးရယ်ကာ ပြောပြလိုက်၏။

"ငါ အဲ့ဒီမြေနေရာကို ဝယ်ချင်တာ ပေးဖူးခဲ့တဲ့ ကတိတစ်ခုကြောင့်ပါ"

ထိုစကားကို ပြောပြီးပြီးချင်းမှာပင် အရောင်လက်နေသည့် သူမျက်လုံးများမှာ ချက်ချင်းပင် မှိန်ဖျော့မှိုင်ညို့ကျသွားလေသည်။

*